မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## နအဖ အနေဖြင့် ၄င်းရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို နည်းလမ်းတကျ အတည်ပြုထုတ်ပြန် ကြေငြာပေးရန် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၏ တောင်းဆိုချက်။

၁။ နအဖ၏ အမျိုးသား ညီလာခံမှ ချမှတ်ထားသော ဖွဲ့စည်းပုံ မူများအပေါ်တွင် အခြေခံ၍ ရေးဆွဲထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) အပေါ် လူထုထံမှ ဆန္ဒ သဘောထား ခံယူရန် မေလတွင် သတ်မှတ် ထားသဖြင့် အချိန်ကာလ အားဖြင့် တလကျော်ခန့်သာ ကျန်ရှိတော့သည်။ သို့ဖြစ်၍ ယခုကဲ့သို့ အလွန်နီးကပ်လာနေသော အချိန်တွင် လူထုအနေဖြင့် ယင်း (မူကြမ်း) အပေါ်အသေးစိပ်လေ့လာခွင့် ရမှသာ ထောက်ခံရန် ဖြစ်စေ၊ ကန့်ကွက်ပယ်ချရန် ဖြစ်စေ၊ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ယင်းအတွက် နအဖသည် ၄င်း၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ကို အများပြည်သူ လေ့လာခွင့်ရစေရန် အမြန်ဆုံးဖြန့်ချီဘို့ တာဝန်ရှိသည်။

၂။ ပြီးခဲ့သည့် မတ်လ နောက်ဆုံးပတ်များ ခန့်က စတင်ကာ နိုင်ငံတော် တံဆိပ် အမှတ်အသား အောက်တွင် ပြည်ထောင်စု သမတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ဟူသော ခေါင်းစဉ်တပ်ထားသည့် စါတမ်း အမှတ်အသား တခုသည် ပြည်တွင်းပြည်ပတွင် ပျံ့နှံ့လျှက်ရှိသည်။ သို့ရာတွင် ဤစါတမ်းမှာ မည်သည့် အရင်းအမြစ်မှ မည်သို့မည်ပုံ ပေါ်ထွက်လာကြောင်း အတိအကျ သတင်းစုံစမ်း၍ မရပေ။ ပုံစံတကျ အခန်းများခွဲထားခြင်း၊ ဒီဇိုင်းများဖေါ်ထားခြင်း၊ နိဒါန်း အပါအဝင် တံဆိပ်အမှတ်အသားများ ပြည့်စုံစွာထည့်သွင်းထားခြင်း၊ စါလုံးများကို သေသပ်ကျနစွာ ရိုက်သွင်းထားခြင်း၊ စသည်တို့ကြောင့် အမှန်တကယ် နအဖ က ထုတ်ပြန်လိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အသွင်သဏ္ဍာန် ဆောင်လျှက်ရှိသည်။

၃။ နအဖ ၏ အမျိုးသားညီလာခံမှ ချမှတ်ထားခဲ့ပြီးသော အခြေခံမူများနှင့် ယခု (မူကြမ်း) ဆိုသည်ကို နှိုင်းယှဉ်ကြည့်သောအခါ အရေးကြီးသောအကြောင်းရပ်အချို့၌ ခြားနားချက်အတော်များများတွေ့ရသည်။တိုင်းပြည်အခြေအနေ ကို ပို၍ ဆိုးဝါးသွားစေမည့် ခြားနားချက် များလည်း ဖြစ်နေသည်။ သာဓက အားဖြင့် ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ပြင်ဆင်ရာတွင် ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူအားလုံး၏ ဆန္ဒမဲဖြင့်သာ ပြင်ဆင် ရ မည် ဟူသော ပြဌာန်းချက်မျိုး ဖြစ်သည်။ အဆိုပါ (မူကြမ်း) ဆိုသည်ကို ထောက်ပြ၍ အများ ပြည်သူ စဉ်းစါးခွင့် ရစေရန် ဝေဘန်၊ ထောက်ပြမှုများ ပြုမည်ဆိုလျှင် နအဖ က အဆိုပါ (မူကြမ်း) မှာ ၄င်းတို့တရားဝင်ထုတ်ပြန်ထားသော (မူကြမ်း) မဟုတ်ကြောင်း ငြင်းဆိုပြီး ဝေဘန်၊ ထောက်ပြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကို အရေးယူနိုင်သည်။ (မူကြမ်း) အပေါ် ယခုအချိန်တွင် လူထုအများက ကြေကြေလည်လည် လေ့လာဆွေးနွေးခွင့် မရဘဲ ဆန္ဒမဲ သွားရောက်ပေးရမည် ဆိုလျှင်လည်း လူထု အတွက် အကျိုးနဲ နိုင်သည်။

၄။ သို့ဖြစ်၍ နအဖ ကိုယ်တိုင်ဖြစ်စေ၊ ၄င်းတို့ဖွဲ့စည်းပေးထားသော မူကြမ်းရေးဆွဲရေး ကော်မရှင်က ဖြစ်စေ၊ ၄င်းတို့ အတည်ပြုလိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို အမြန်ဆုံး နည်းလမ်းတကျ အတည်ပြု ထုတ်ပြန် ကြေငြာပေးရန် တောင်းဆို အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ။

နေ့စွဲ။ ၂၀၀၈ ခုနှစ် ဧပြီလ (၁) ရက်

အသေးစိပ်သိရှိလိုပါလျှင် ဆက်သွယ်ရန်။
ဦးအောင်ထူး၊ အထွေထွေ အတွင်းရေးမှူးဖုံး ၆၆– (၀) ၈၁ ၅၃၃ ၀၆၀၅